# LIFT ၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှု မူဘောင်၊ ၂၀၂၁

LIFT ၏ ၂၀၂၁ ခုနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ တုံ့ပြန်မှုများသည် ၂၀၂၀ ခုနှစ်တွင် ရရှိခဲ့သော သင်ခန်းစာများအပေါ် သုံးသပ်အခြေခံ၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ သုံးသပ်မှုများအရ မြေပြင်ရှိ မတူကွဲပြားသော အကျိုးဆက်စပ်သက်ဆိုင်သူများ၊ အထူးသဖြင့် ဒေသခံ CSO များ၊ ရပ်ရွာအခြေပြုအုပ်စုများ၊ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ခိုင်မာအားကောင်းသော မိတ်ဖက်ပြုပူးပေါင်းဆောင်ရွက်မှုသည် ထိရောက်သော အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းများအတွက် အခြေခံအုတ်မြစ်အဖြစ် များစွာအရေးပါကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။ ထိုသို့ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုများအတွက် ပူးပေါင်း လက်တွဲရန်အလို့ငှာ အစီအစဉ် အကောင်အထည်ဖော်ရေးနှင့် စီမံအုပ်ချုပ်ရေးတို့တွင် လိုက်လျောညီထွေ ပြင်ဆင်ပြောင်းလဲမှုများအား အချိန်တိုတွင်း လုပ်ဆောင်နိုင်ရန် လိုအပ်ပါသည်။

၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ တုံ့ပြန်မှုအစီအစဉ်သည် LIFT ၏ အောင်မြင်မှုများ ရရှိပြီးဖြစ်သော ကျွမ်းကျင်မှုများနှင့် မိတ်ဖက်ပြုပူးပေါင်းမှုအတွေ့အကြုံများပေါ်တွင် အားပြုရေးဆွဲထားပါသည်။ ထိရောက်သော ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှု နည်းလမ်းအမျိုးမျိုးအား အစောတလျင် လုပ်ဆောင်နိုင်ရန်အပြင် မြေပြင်ရှိ လက်ငင်းလုပ်ဆောင်ပေးရမည့် တုံ့ပြန်မှု လုပ်ငန်းများနှင့် ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်စွမ်းနှင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများအား မြှင့်တင်ပေးမည့် ရေရှည်ပြန်လည် ထူထောင်ရေးလုပ်ငန်း နှစ်မျိုးစလုံးကို အကောင်အထည်ဖော်နိုင်ရန်အတွက် အစီအစဉ်များကို လိုက်လျောညီထွေဖြစ်ရန် ပြင်ဆင်ပြောင်းလဲထားပါသည်။

၂၀၂၁ ခုနှစ်အတွင်း LIFT ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုအတွက် ဗျူဟာနှင့်အညီ ချဉ်းကပ်ဆောင်ရွက်မှုများတွင် အောက်ပါတို့အား အဓိကဦးတည်ထားပါသည် - ၁) ရပ်ရွာလူမှုအသိုင်းအဝိုင်းများအား ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်နိုင်ရေးနှင့် ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်ရေး ပံ့ပိုးကူညီပေး ရန်အတွက် မြေပြင်တွင် လက်ငင်းတုံ့ပြန်မှုများ ဆောင်ရွက်ပေးခြင်း၊ ၂) ကြံ့ကြံ့ခံနိုင်စွမ်း တည် ဆောက်ပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ကိုဗစ်-၁၉ ၏ လူမှုစီးပွားဆိုင်ရာ ထိခိုက်မှုများ လျော့ပါးသက်သာစေရန်အတွက် ကာလလတ်နှင့် ကာလရှည် ဆောင်ရွက်မှုများအား ပံ့ပိုးပေးခြင်းတို့ ဖြစ်ပါသည်။

LIFT ၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုမူဘောင်အား ရေးဆွဲရာတွင် အောက်ပါ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ရေးဆွဲထားခြင်း ဖြစ်ပါသည် -

- လူမှုဖူလုံရေး အထောက်အပံ့များ ရပ်တန့်သွားချိန်တွင် လုပ်သား အမြောက်အမြား တစ်ပြိုင် နက်တည်း အလုပ်အကိုင်ဆုံးရှုံးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် ဝင်ငွေရရှိရေး အသည်းအသန်ကြိုးပမ်းမှုများ တိုးပွားလာခြင်း၊
- စားနပ်ရိက္ခာနှင့် အာဟာရ မဖူလုံမှုများ အဆမတန် မြင့်တက်လာခြင်း (အထူးသဖြင့် ပြည် တွင်းနေရပ်စွန့်ခွာသူများသည် ၎င်းတို့ခိုလှုံနေထိုင်ရာ စခန်းများတွင် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်း တစ်စုံတစ်ရာ မရှိဘဲ လော့ဒေါင်းချခံထားရခြင်းများ ဖြစ်နိုင်သည်)၊
- ပဋိပက္ခကြောင့် နေရပ်စွန့်ခွာထွက်ပြေးရမှုများ တိုးပွားလာပြီး နေထိုင်စရာ အမိုးအကာ ဝန်ဆောင်မှုများ အရေးတကြီးလိုအပ်နေခြင်း၊
- တစ်စထက်တစ်စ လုံခြုံမှုမရှိ ဖြစ်လာသော အခြေအနေတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ တိုးလာခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာ ဖိစီးမှုများ မြင့်မားလာခြင်းကြောင့် အကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်သူများ/ နစ်နာသူများအတွက် အမိုးအကာနှင့် ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှု လိုအပ်ချက်များ များပြားလာခြင်း၊

- ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာဗဟုသုတများ နည်းပါးခြင်း၊ ကာကွယ်ဆေးနှင့်စပ်လျဉ်း၍ မှားယွင်းသော အယူအဆများ ရှိနေခြင်း၊ ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး ပစ္စည်းများနှင့် ဝန်ဆောင်မှုများ မရှိခြင်း၊
- ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ရပ်တန့်သွားခြင်း၊ ဆေးဝါးပစ္စည်းကိရိယာများ အကြီးအကျယ် ပြတ်လပ်ခြင်း၊
- အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းများအား ဦးဆောင်ရန်နှင့် ရေရှည်ပြန်လည်ထူ ထောင်ရေး လုပ်ငန်းများအား ပံ့ပိုးရန် စွမ်းရည်နှင့် အရင်းအမြစ်များ အကန့်အသတ်ရှိ နေခြင်း၊

## LIFT ၏ လက်ငင်းတုံ့ပြန်ဆောင်ရွက်မှု မူဘောင်

ကိုဗစ်-၁၉ တတိယလှိုင်းသည် ရောဂါဖြစ်ပွားမှုအတိုင်းအတာအားဖြင့်လည်းကောင်း၊ ရောဂါပျံ့နှံ့မှု နယ်ပယ်အကျယ်အဝန်း အားဖြင့်လည်းကောင်း အရှိန်မြင့်တက်လာသည်နှင့်အမျှ LIFT သည် ရပ်ရွာ လူမှုအသိုင်းအဝိုင်းများအား အောက်ပါ မဟာဗျူဟာကျ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များမှတစ်ဆင့် ပံ့ပိုးကူညီပေးလျက် ရှိပါသည် -

**ကြိုတင်တားဆီးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း။** ထိခိုက်လွယ်သော လူမှုအသိုင်း အဝိုင်းများ (သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကိုယ်ဝန် ဆောင်နှင့် နို့တိုက်မိခင်များ၊ ၎င်းတို့၏ ကလေးများ၊ ဆယ်ကျော်သက်မိန်းကလေးများကို အဓိကဦးတည်လျက်) အတွက် WASH လုပ်ငန်းများ၊ တကိုယ်ရေကာကွယ်ရေးပစ္စည်းများ (PPEs) နှင့် မရှိမဖြစ် လိုအပ်သော အခြေခံဆေးဝါးများ ပံ့ပိုးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက် ပေးသည့်တစ်ချိန်တည်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရန် အသိပေးနှိုးဆော်တိုက်တွန်းခြင်းများ အပါအဝင် ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုအား တားဆီးကာကွယ်ရန် လိုအပ်သည့် အမူအကျင့်များနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

**ရပ်ရွာအခြေပြု ကျန်းမာရေးစနစ်များအား ပံ့ပိုးကူညီခြင်း။** ထိခိုက်လွယ်သော အုပ်စုများ အတွက် ရပ်ရွာမှ ဦးဆောင်သော ကျန်းမာရေးဝန်ဆောင်မှုများ အားကောင်းလာစေရန် ပံ့ပိုးခြင်း၊ ရွေ့လျားဝန်ဆောင်မှုများအပါအဝင် ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများအား လူထုကြား ပိုမိုကျယ်ပြန့်စွာ ရောက်ရှိဝန်ဆောင်ပေးနိုင်ရန်အလို့ငှာ ရပ်ရွာ အခြေပြု ကျန်းမာရေး ဝန်ဆောင်မှုပေးသူများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကျန်းမာရေး ဝန်ဆောင်မှုပေးသူ များ၊ ရပ်ရွာတွင်းနှင့် ရပ်ရွာလူမှုအသိုင်းအဝိုင်းများကြားရှိ ကွန်ရက်များ၊ ဒေသခံ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ အားကောင်းလာစေရန် ပံ့ပိုးခြင်း၊ ကန့်သတ်ချက်များကြောင့် အဖွဲ့အစည်းများ သွားရောက်နိုင်ခြင်းမရှိသည့် နေရာ များတွင် အခြေခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ အချင်းချင်းပံ့ပိုးကူညီမှုများနှင့် ရပ်ရွာမှ စေတနာလုပ်အားရှင်များ၏ အကူအညီများ ရရှိအောင် နှိုးဆော်စည်းရုံးမှုများကို အားပေး မြှင့်တင်ခြင်း၊ ဒေသအလိုက် မိမိတို့ဒေသနှင့် လျော်ညီစွာ ဆောင်ရွက်သည့် ကိုဗစ်-၁၉ အသွားအလာကန့်သတ်၍ စောင့်ကြည့်ကြပ်မတ်ရေးဌာနများနှင့် ရောဂါကုသရေးဌာနများအား ပံ့ပိုးပေးခြင်းနှင့် ကျန်းမာရေးဌာနများအား အခြေခံကြိုတင်ကာကွယ်ရေးဝန်ဆောင်မှုများ၊ ဆေးဝါးများအပါအဝင် လိုအပ်သည့်ပစ္စည်းများ ဖြည့်ဆည်းထောက်ပံ့ခြင်း၊ ဆေးပညာရှင်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသည့် စေတနာ့လုပ်အားရှင်များနှင့် ဆက်သွယ်ညှိနှိုင်း၍ အဝေးမှ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အကြံဉာဏ်များ ပေးသည့် ဝန်ဆောင်မှုများ (teleconsultation services) ဆောင်ရွက်ပေးခြင်းနှင့် တစ်ချိန်တည်းတွင် ရောဂါပြင်းထန်သော လူနာများအတွက် လွှဲပြောင်းညွှန်းပို့မှုစနစ်များ အားကောင်းစေရန် ပံ့ပိုးခြင်း၊

**အရေးပေါ်ကာလအတွက် အာဟာရဆိုင်ရာ ဆောင်ရွက်ချက်များ။** အာဟာရပြည့်ဝစွာ စားသုံးနိုင်မှုအခြေအနေ ပျက်ယွင်းမသွားအောင် အကာအကွယ်ပေးရန် ရည်ရွယ်လျက် နေရပ်စွန့်ခွာရွှေ့ပြောင်းသူများ နေထိုင်ရာ ခိုလှုံရေးစခန်းများ၊ ၎င်းတို့အား လက်ခံထား သော ရပ်ရွာများမှ လူမှုအသိုင်းအဝိုင်းများ၊ ကျေးရွာများနှင့် မြို့စွန်မြို့ဖျားဒေသများမှ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ၊ ကလေးငယ်များ၊ မသန်စွမ်းသူများနှင့်

သက်ကြီး ရွယ်အိုများအား အဓိကဦးတည်လျက် အာဟာရဆိုင်ရာ ပံ့ပိုးမှုများ ပေးခြင်း၊ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုများတွင် အာဟာရဆိုင်ရာ အခြေခံလုပ်ငန်းများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၊ WASH လုပ်ငန်းများနှင့်အတူ ပေါင်းစပ်၍ ဘက်ပေါင်းစုံမှ ချဉ်းကပ်သည့် နည်းလမ်းဖြင့် ဦးစားပေးဆောင်ရွက်သွားရန် စီစဉ်ထားခြင်း၊ အာဟာရ ပြည့်ဝသော အစားအစာများအား လက်လှမ်းမီမှု တိုးတက်လာစေရေးနှင့် ဒေသန္တရ စားနပ် ရိက္ခာစနစ်များ၏ စွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် (မြို့ပြနှင့် မြို့ပြအနီးဝန်းကျင် ဒေသများကို အဓိကထားလျက်) ဒေသန္တရအဆင့် စားသောက်ကုန် ထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား ထောက်ပံ့ကြေးများ၊ ဖြစ်နိုင်လျှင် ၎င်းတို့၏ လိုအပ်ချက်နှင့် ကိုက်ညီအောင် စီစဉ်ဆောင်ရွက်ပေးထားသည့် ချေးငွေများ ပေးအပ်နိုင်ရေး ဦးစားပေး ဆောင်ရွက်ခြင်း၊

**လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ နည်းလမ်းအထောက်အကူများအား တိုးချဲ့အသုံးပြုခြင်း။** ထိခိုက်လွယ်သော လူမှုအသိုင်းအဝိုင်းများအား ကိုဗစ်-၁၉ ကြောင့် လူမှုစီးပွား ဆိုင်ရာ ထိခိုက်မှုများ လျော့ပါးသက်သာအောင် လုပ်နိုင်ရေး ကူညီပေးရန်အတွက် ငွေကြေး ထောက်ပံ့ခြင်း အစီအစဉ်များ၊ စားနပ်ရိက္ခာထောက်ပံ့ရေး အစီအစဉ်များ (စားသောက်ကုန် များနှင့် ကူပွန်လက်မှတ်များ)၊ ငွေကြေးနှင့် စားနပ်ရိက္ခာ ထောက်ပံ့မှုများကို အလုပ်လုပ် စေခြင်းဖြင့် ပေးအပ်သည့် အစီအစဉ်များအား တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် အခြားတစ်ဖက်တွင် ပြန်လည်ထူထောင်ရေးမဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် အလုပ်အကိုင် ဖန်တီးပေးရေး အစီအစဉ်များကို ဒီဇိုင်းရေးဆွဲခြင်း၊

**ကျား၊မအခြေပြု အကြမ်းဖက်မှုများနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများ၊ လူမှုရေးပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုအား ကိုင်တွယ်ဖြေရှင်းပေးခြင်း။** ဦးတည်အုပ်စုများအတွက် စိတ်လူမှုပိုင်း ဆိုင်ရာ အထောက်အပံ့ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းများ တိုးမြှင့်ဆောင်ရွက်ခြင်း အပြင် အကြမ်းဖက်မှုမှ ဆက်လက်ရှင်သန်သူများအတွက် ခိုလှုံစရာအမိုးအကာ၊ အာဟာရ ဆိုင်ရာ အသိပညာနှင့် အာဟာရဖြည့်စွက်စာများ၊ ငွေကြေးထောက်ပံ့မှုများ၊ အလုပ်အကိုင် ရရှိစေရန် အလုပ်ရှင်နှင့် ချိတ်ဆက်ပေးသည့် ဝန်ဆောင်မှုများကဲ့သို့ အခြေခံဝန်ဆောင်မှုများ ပံ့ပိုးခြင်းနှင့် လူမှုအဖွဲ့အစည်းတွင်း အမူအကျင့်ပြောင်းလဲရေး ဆက်သွယ်ပညာပေးခြင်း (SBCC/ IYCF) လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်း၊

**ဝန်ထမ်းများနှင့် မိတ်ဖက်များအား ကာကွယ်စောင့်ရှောက်ပေးရန် ဦးတည်ဆောင်ရွက်ခြင်း။** ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများ ရရှိရန် ကူညီပံ့ပိုးခြင်း အပါအဝင် LIFT ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ လုံခြုံရေးနှင့် ကာကွယ် စောင့်ရှောက်မှုများ အားကောင်းလာစေမည့် လုပ်ငန်းယန္တရားများအား မြှင့်တင် ပေးခြင်း၊

## LIFT ၏ မြေပြင်ရှိ လက်ငင်းတုံ့ပြန်ဆောင်ရွက်မှုများအတွက် လမ်းညွှန်စည်းမျဉ်းများ

- ထိခိုက်လွယ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ဝင်ငွေ၊ အာဟာရနှင့် အခြေခံဝန်ဆောင်မှုများ လက်လှမ်းမီရရှိမှု တိုးတက်လာစေရန်အတွက် (ကိုဗစ်-၁၉ နှင့် ဖေဖော်ဝါရီလ (၁) ရက် စစ်အာဏာသိမ်းမှုတို့ကြောင့် ဖြစ်ပွားလာသည့် ရှုပ်ထွေးသော အကျပ်အတည်းတစ်ခု ပေါ်ပေါက်လာသည့်) လက်ရှိအခြေအနေအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ အားလုံးကို ဘက်ပေါင်းစုံမှ ချဉ်းကပ်သည့် တုံ့ပြန်ဆောင်ရွက်မှုမူဘောင်တစ်ခုအဖြစ် တစ်စုတစ်စည်းတည်း ပေါင်းစည်းရန်၊
- ရပ်ရွာအခြေပြု ပံ့ပိုးကူညီမှု လုပ်ငန်းယန္တရားများနှင့် ဒေသန္တရအဆင့် ကွန်ရက်များ အားကောင်းစေရေး ဦးတည် ဆောင်ရွက်ရန်နှင့် လူထုကြား ပိုမိုကျယ်ပြန့်စွာ ရောက်ရှိကာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဒေသန္တရ အဆင့်တွင်ရှိနေသည့် ဝန်ဆောင်မှုပေးရေး အစီအစဉ်များ၊ နေရာဌာနများကို အကျိုးရှိထိရောက်စွာ အသုံးပြုရန်၊

- မြန်ဆန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေးနှင့် ပိုမိုကျယ်ပြန့်စွာ ရောက်ရှိဝန်ဆောင်နိုင်ရေး အတွက် အသေးစား ထောက်ပံ့ကြေးများ ထုတ်ပေးသည့် ဌာနများကဲ့သို့ ရှိနှင့်ပြီးသား လုပ်ငန်းယန္တရားများအပေါ် အားပြု၍ ပိုမိုအားကောင်းအောင် ဆောင်ရွက်ရန်၊
- ချက်ချင်းလက်ငင်းလုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် ဘတ်ဂျက်များ ချထားပေးနိုင်ရန် လက်ရှိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ အစီအစဉ်များကို ပြန်လည်ပြင်ဆင်ရေး ဆွဲခြင်းအား မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်၊
- ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး ရန်ပုံငွေ (Access to Health) နှင့် အခြားသော UNOPS မှ စီမံခန့်ခွဲသည့် ရန်ပုံငွေများ၊ အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ပူးတွဲအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်၊ အခြားသင့်လျော်သည့် (လူသားချင်းစာနာ ထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ) အကျိုးဆက်စပ်သက်ဆိုင်သူများ (အထူးသဖြင့် လူသား ချင်းစာနာထောက်ထားမှု လုပ်ဆောင်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံ လုပ်ဆောင်သူများ) နှင့် ပေါင်းစပ်ညှိနှိုင်းမှုများ ပိုမိုကျယ်ပြန့်စွာ ပြုလုပ်ရန်၊
- တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများအားလုံးတွင် ကျား၊မရေးရာ အသိအမြင်နိုးကြားမှုရှိစေရေး ဆောင်ရွက်ရန်နှင့် တစ်ဖက်တွင် ကျားမအခြေပြုအကြမ်းဖက်မှုများအား ကြိုတင် တားဆီးကာကွယ်ရေးဆိုင်ရာ ပံ့ပိုးမှုများကို တိုးမြှင့်လုပ်ဆောင်ရန်၊
- တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများအားလုံးတွင် အာဟာရဆိုင်ရာ အသိအမြင်နိုးကြားမှု ရှိစေရေး ဆောင်ရွက်ရန်နှင့် တစ်ဖက်တွင် အရေးပေါ်အခြေအနေအတွက် အာဟာရပံ့ပိုးမှုလုပ်ငန်း များအား စားနပ်ရိက္ခာဖူလုံရေးနှင့်စပ်လျဉ်း၍ ရေရှည်တည်တံ့သည့် တိုးတက်အောင်မြင်မှုများ ရရှိအောင် ကြိုးပမ်းလုပ်ဆောင်နေမှုများနှင့် ချိတ်ဆက်နိုင်ရေး အလေးပေး ဆောင်ရွက်ရန်၊
- မိတ်ဖက်များအား အန္တရာယ်ဖြစ်နိုင်ခြေ ဆန်းစစ်ခြင်းနှင့် အကူအညီအထောက်အပံ့ ပေးအပ်မှုများ စီမံခန့်ခွဲခြင်း ဆိုင်ရာ စွမ်းရည်များ မြှင့်တင်ပေးမှုများမှတစ်ဆင့် ပံ့ပိုးကူညီပေးခြင်းဖြင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ အားလုံးတွင် ပဋိပက္ခဖြစ်လွယ်မှုအား နားလည် သိရှိစွာ ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးရန်၊
- တုံ့ပြန်ဆောင်ရွက်မှုများအား UNOPS/LIFT ၏ ဝယ်ယူရေး၊ ကြိုတင်ဆန်းစစ်ကာကွယ် တားဆီးခြင်း (due diligence)၊ တာဝန်ခံမှုနှင့် အခြားသက်ဆိုင်ရာ မူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်ကြောင်း သေချာအောင် ကြပ်မတ်ပေးရန်၊
- အကြောင်းအရာအလိုက် ဆောင်ရွက်နေသော လုပ်ငန်းနယ်ပယ်များနှင့် ဦးတည်နယ်မြေ ဒေသများအားလုံးရှိ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရေး ကာလလတ်နှင့် ကာလရှည် အစီအစဉ်များနှင့် ချိတ်ဆက်၍ လက်ငင်းတုံ့ပြန်မှုလုပ်ငန်းများအား ဆောင်ရွက်ရန်၊

## ကိုဗစ်-၁၉ တုံ့ပြန်မှုများအတွက် နေရာဒေသနှင့် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ခြင်းဆိုင်ရာ အခြေခံ စည်းမျဉ်းများ -

LIFT ၏ ၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ တုံ့ပြန်မှုအတွက် နေရာဒေသရွေးချယ်မှုသည် ထိခိုက်လွယ်မှု အရှိဆုံးနှင့် ရိုက်ခတ်မှု အပြင်းထန်ဆုံး ခံစားရသည့် လူမှုအသိုင်းအဝိုင်းများအား အဓိကဦးတည် ဆောင်ရွက်ရန် ဟူသည့် LIFT ၏ ၂၀၁၉-၂၀၂၃ မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ LIFT အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများအား ၎င်းတို့၏ စီမံကိန်းဦးတည်ဒေသအသီးသီးတွင် တုံ့ပြန်မှုလုပ်ငန်းများကို အဓိကထား ပံ့ပိုးဆောင်ရွက်ရန် အားပေးတိုက်တွန်း သွားမည်ဖြစ်သည်။ သို့သော် မိတ်ဖက် အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ စီမံကိန်းဒေသများသာမက အခြားနေရာ ဒေသများရှိ ထိခိုက်လွယ်သော အုပ်စုများထံ ထိထိရောက်ရောက်နှင့် ကုန်ကျစရိတ်သက်သာစွာ ရောက်ရှိ ဝန်ဆောင်ပေးနိုင်သည့် စွမ်းရည် (ဝန်ထမ်းအင်အား၊ မြေပြင်ရှိ မိတ်ဖက်များ၊ စသည်) ရှိမည်ဆိုလျှင် ဦးတည်ဒေသများကို တိုးချဲ့နိုင်အောင် LIFT မှ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ လက်ရှိ ဆောင်ရွက်လျက် ရှိသည့် စီမံကိန်းများ၊ စီမံချက်များကို ပြင်ဆင်ရေးဆွဲ၍ ကိုဗစ်-၁၉ တုံ့ပြန်မှု လုပ်ငန်းများအား ဆောင်ရွက်ခြင်းဖြစ်သည်နှင့်အညီ အရေးပေါ် တုံ့ပြန်မှုလုပ်ငန်းများသည် စီမံကိန်းများမှ မျှော်မှန်း ထားသည့်

အကျိုးကျေးဇူးများ (outcomes) ပြည့်မီရေး တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပြုပေး နိုင်လိမ့်မည်ဟု မျှော်လင့်ထားပါသည်။

၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုအတွက် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်မှုသည် အောက်ပါတို့အပါအဝင် LIFT ၏ အကြောင်းအရာအလိုက် ဆောင်ရွက်နေသည့် နယ်ပယ်များ အားလုံးရှိ အဓိကကျသည့် အကျိုးခံစားခွင့်ရှိသူ အုပ်စုများပေါ်တွင် အခြေခံ၍ ရွေးချယ်ပါသည် - ဆင်းရဲနွမ်းပါးသည့် လုပ်ကွက်ငယ်တောင်သူများ၊ မြေယာမဲ့တောင်သူများ၊ ပြည်တွင်းနေရပ်စွန့်ခွာ ရွှေ့ပြောင်းသူများ၊ ပဋိပက္ခဒဏ်သင့်သူများ၊ ရွှေ့ပြောင်းလုပ်သားများ (ပြည်တွင်းနှင့် နိုင်ငံတကာ)၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များနှင့် ကလေးငယ်များ ဖြစ်ပါသည်။ သို့သော် ကိုဗစ်-၁၉ နှင့် နိုင်ငံရေးအကျပ်အတည်းများ ပေါင်း၍ ပိုမိုဆိုးရွားလာသည့် အခြေအနေ များကြောင့် ထိခိုက်လွယ်မှုများ တိုးပွားလာမှုအပေါ် အခြေခံ၍ LIFT ၏ အကျိုးခံစားခွင့် ရှိသူရွေးချယ်မှုတွင် အကျိုးခံစားခွင့်ရှိသူအုပ်စုအသစ်များကို တိုးချဲ့ပေးနိုင်ပါသည်။

## ရန်ပုံငွေဖြည့်ဆည်းပံ့ပိုးခြင်း

LIFT နှင့် မိတ်ဖက်များသည် အရေးတကြီးလိုအပ်လာသည့် အခြေအနေကြောင့် ဆောင်ရွက်ဆဲ အစီအစဉ်များ၏ ဘတ်ဂျက်များထဲမှ ကုန်အောင် သုံးစွဲနိုင်ခြင်းမရှိသည့် ဘတ်ဂျက်များကို အဓိက ထား၍ လက်ငင်းတုံ့ပြန်မှုလုပ်ငန်းများအတွက် ပြန်လည်ခွဲဝေချထားပေးကာ ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် တုံ့ပြန်လုပ်ငန်းများအား ပိုမိုများပြားလာသည့် ထိခိုက်လွယ်သော အုပ်စုများနှင့် အရေအတွက်များအတွက် တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေးနှင့် လက်ရှိဆောင်ရွက်နေသည့် မြေပြင်မှ တုံ့ပြန်ဆောင်ရွက်မှုများကို ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ချိတ်ဆက်ပေးနိုင်ရေး အတွက် ရန်ပုံငွေများ ထပ်ဆောင်းရရှိရန် လိုအပ်မည်ဖြစ်ပါသည်။

## ၂၀၂၀ ခုနှစ်အတွင်းက LIFT ၏ ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုများမှ ရရှိခဲ့သော သင်ခန်းစာများ

၂၀၂၀ ခုနှစ်တွင် LIFT အနေဖြင့် လုပ်ငန်းများ ရှေ့ဆက်ဆောင်ရွက်နိုင်ခဲ့ပြီး LIFT ၏ အကြောင်း အရာအလိုက် ဆောင်ရွက်နေသော အစီအစဉ်များအောက်နှင့် ကဏ္ဍစုံနှင့်သက်ဆိုင်သော လုပ်ငန်း နယ်ပယ်များရှိ အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းများကို ဆောင်ရွက်နေသည့်တစ်ပြိုင်နက်တည်း တွင် ကိုဗစ်-၁၉ အတွက် ချက်ချင်းလက်ငင်း တုံ့ပြန်ရမည့် လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက် ပေးနိုင်ခဲ့သည့် အကြောင်းရင်းမှာ စီမံကိန်းများအား ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ နှင့်အညီ လိုက်လျောညီထွေ လုပ်ဆောင်နိုင်ရန် မြန်မြန်ဆန်ဆန် ပြင်ဆင်ပြောင်းလဲနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

မြေပြင်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ဒေသခံအရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုပူးပေါင်းခြင်း၊ တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းများအား ဆက်စပ်နေသည့် အခြေအနေ၊ အကြောင်းအချက်များပေါ်တွင် အခြေခံ၍ လိုက်လျောညီထွေ ဆောင်ရွက်ခဲ့မှု များသည် လုပ်ငန်းများကို မြန်ဆန်ထိရောက်စွာဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၏ အခြေခံအကြောင်း တရားများ ဖြစ်ပါသည်။ ထိုလုပ်ငန်းများထဲတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေ့ပြောင်းလုပ်သားများ အား ပံ့ပိုးကူညီခြင်း၊ အရေးပေါ်အခြေအနေတွင် ငွေသားထောက်ပံ့မှုများ တိုးမြှင့်ပံ့ပိုးခြင်းနှင့်အတူ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအား တိုးချဲ့ဆောင်ရွက်ခြင်း၊ ပဋိပက္ခဒဏ်သင့်ဒေသ များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများအတွက် ၎င်းတို့၏ လိုအပ်ချက်များနှင့် ကွက်တိကိုက်ညီမှု ရှိစေမည့် တုံ့ပြန်မှုများ၊ အထူးသဖြင့် ချေးငွေများ လက်လှမ်းမီရရှိမှု တိုးတက်စေခြင်းမှတစ်ဆင့် ငွေကြေးဆိုင်ရာ အားလုံးပါဝင်နိုင်မှု တိုးတက်စေရေး ဆောင်ရွက်ခြင်း၊ အာဟာရဆိုင်ရာ လုပ်ငန်း အချို့အား တိုးမြှင့်လုပ်ဆောင်ခြင်းနှင့် နိုင်ငံအဆင့် ကိုဗစ်-၁၉

စီးပွားရေးကုစားမှုအစီအစဉ်များ အကောင်အထည်ဖော်နိုင်ရေး ပံ့ပိုးကူညီခြင်းတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပြန့်ပွားပြီး ရက်ပိုင်းအတွင်းမှာပင် LIFT အလှူရှင်များထံမှ ရှင်းလင်းတိကျသည့် လမ်းညွှန်ချက်များ၊ ဆုံးဖြတ်ချက်များနှင့်အတူ LIFT ၏ မိတ်ဖက်များသည် ၎င်းတို့၏ ဆောင်ရွက်ဆဲ စီမံကိန်းဘတ်ဂျက်များထဲမှ အမေရိကန်ဒေါ်လာ ၂.၃ သန်းအား ကိုဗစ်-၁၉ တုံ့ပြန်မှုအတွက် ပြင်ဆင်ပြောင်းလဲ သုံးစွဲခဲ့ပါသည်။ LIFT ၏ အလှူရှင်များသည် ကိုဗစ်-၁၉ တုံ့ပြန်မှုအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၈.၉ သန်း ပံ့ပိုးရန် ကတိကဝတ်ပြုခဲ့ပြီး ထိုတုံ့ပြန်မှုများတွင် လူပေါင်း ၂.၉ သန်းကျော်ထံ ရောက်ရှိဝန်ဆောင်ပေးနိုင်ခဲ့ပါသည်။